## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ (၃-၇-၂၀၂၆)
## မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁။ | **ဒေါ်ခင်သန်းမြင့်၊ ပုတော မဲဆန္ဒနယ်က** ပုတောမြို့နယ်အတွင်းရှိ လပွတ္တာ (ကျောက်ဖျာလေး) ထိပ်စွန်းလမ်းအား ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း ၄.၅ ဖာလုံနှင့် ဆိုးရွားစွာ ပျက်စီးနေသော လမ်းပိုင်းများအား ပြင်ဆင်ထိန်းသိမ်း ဆောင်ရွက်မည်ဖြစ်ပြီး နောင်ဘဏ္ဍာနှစ်တွင်လည်း ဦးစားပေးအလိုက် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၂။ | **ဦးဝင်းမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်က** ဝဲဒေါင့်ကျေးရွာအုပ်စု ဟင်းငုတ်ပင်-ပိတောက်ခင် ကျောက်ချောလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ တိုင်းဒေသကြီးအစိုးရရန်ပုံငွေတွင် ထည့်သွင်းလျာထား၍ ရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၃။ | **ဦးအောင်ဝင်းဆွေ၊ မြန်အောင် မဲဆန္ဒနယ်က** မြန်အောင်မြို့နယ် ကနောင်-တာငါးဆုံလမ်းပိုင်းအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **ဆောက်လုပ်ရေးဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် မြေသားလမ်း ၃ ဖာလုံအား ကျောက်လမ်းအဖြစ်ဆောင်ရွက်မည်ဖြစ်ပြီး ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းကို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ နှစ်အလိုက်လျာထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၄။ | **ဦးလှဆွေ၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်က** ဥတ္တရသီရိမြို့နယ် ကျေးရွာ(၉)ရွာ၏ လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ (၇) ရရှိရေး UTMမြေပုံအစား Coordinate စနစ်ဖြင့် ပြောင်းလဲ၍ အမိန့်စာထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက** သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည့် ကျေးရွာ ၉ ရွာရှိ ဧရိယာ ၆၁၇.၆၈၃ ဧကအစား မြေပြင်ကွင်းဆင်းတိုင်းတာရရှိသည့် ဧရိယာ ၆၈၄.၁၇ ဧကအဖြစ် အမိန့်ကြော်ငြာစာ ပြန်လည်ပြင်ဆင်ခွင့်ပြုမိန့်ရရှိပါက(ပုံစံ-၇) ထုတ်ပေးနိုင်ရေး လုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၅။ | **ဦးအောင်မျိုးသန်း၊ ကော့မှူး မဲဆန္ဒနယ်က** သမင်ခြံ၊ တာတိုက်နှင့် သရက်တော ကျေးရွာအုပ်စုများရှိ မိုးစပါးကေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် Check Gate ၂ ပေါက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက** ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၆။ | **ဦးမြင့်ဇော်လင်း၊ ဖြူး မဲဆန္ဒနယ်က** ရပ်နားထားသည့် ကွန်းချောင်းဆည် ရေလှောင်တမံအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ရေလွှဲဆည် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်းကို ၅ နှစ်စီမံကိန်းရေးဆွဲခဲ့ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစ၍ ရန်ပုံငွေလျာထားတင်ပြပြီး ရရှိမှုအပေါ်မူတည်၍ အဆိုင်းလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၇။ | **ဒေါက်တာထိန်ဝင်း၊ကျောင်းကုန်းမဲဆန္ဒနယ်က** တိမ်ကောပျက်စီးနေသည့် "ဝေန်တာ၊ ပန်းလှိုင်တာနှင့် ရေချို၊ ရေငန်အစပ် ရေထိန်းတံခါးများနှင့် ကျွန်းပတ်တာတမံများအား" ပြန်လည်တူးဖော် တည်ဆောက်မည့် အစီအမံကို သိရှိလိုခြင်း မေးမြန်းပါသည်။ | **စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက** ယခုဘဏ္ဍာနှစ်တွင် တာတမံ ၁၄၁ ခုနှင့် ရေတံခါး ၄၀ ပြုပြင်ခြင်း၊ ရေနုတ်မြောင်း ၆၇ ခု တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တာတမံစစ်ဆေးရေးအဖွဲ့များ နှစ်စဉ်ဖွဲ့စည်း၍စစ်ဆေးလျက်ရှိပြီး နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |